# အမှောင်ကမ္ဘာမှာ ရှာတဲ့အချစ်

လရောင်ဆူး



# အခန်း( ၁)

သူမနာမည် မုန်းပန်း။ ဒါပေမဲ့ အမုန်း လို့ ပဲ လူသိများကြသည် ။ နာမည်နဲ့ လိုက်အောင် သူမဘဝမှာ အမုန်းတွေနဲ့ ပြည့်လျှံနေ၏။ အရင်က အမုန်း ဘဝသည် ဖေဖေမေမေတို့ ရဲ့ ချစ်ခြင်းကို ခံရသည့် ကလေးတစ်ယောက် ဖြစ်သည် ။ အသက်ဂနှစ်လောက်ကစလို့ မုန်းပန်း ဘဝဖောက်ထိုး မှောက်ခုံ ဖြစ်ခဲ့ရသည် ။ အမုန်းကင်းစင်အောင် မုန်းပန်းလို့ မေမေက ပေးခဲ့ပေမဲ့ အာဃာတ အမုန်းတွေနဲ့ သာ ပြည့်နှက်လာ၏။

မုန်းပန်းဘဝ ခုလိုဖြစ်ရသည့် အဓိက တရားခံသည် ဖေဖေ ဖြစ်သည် ။ ဖေဖေက လုပ်ငန်းရှင် တစ်ယောက်ပီပီ အသောက်အစားရှိ၏။ ဒါကို အမုန်းခွင့်လွှတ်လို့ ရပေမဲ့ ကြာလာတော့ ဖေဖေက အဆုတ်ကင်ဆာရောဂါသည် ကြီး မေမေ့ကို ထားပြီး အလုပ်ကိစ္စကို ဦးစားပေးသည် ။ မေမေက ဖေဖေ အိမ်ပြန်နောက်ကျတဲ့ ညတိုင်း အမုန်းကွယ်ရာတွင် ကြိတ်ငိုလေ့ ရှိသည် ။ ကလေးအရွယ် ဘာမှ မသိတဲ့ အမုန်းကတော့ မေမေ့ရောဂါကြောင့်သာ ဖြစ်မည်ဟု တွေးမိသည် ။

သို့သော် မေမေအသည်းအသန် ဖြစ်နေသည့် နေ့တွင် အမုန်းတစ်ယောက်ထဲ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေ၏။

ဖေဖေရ မြန်မြန်လာပါ မေမေ အသည်းအသန် ဖြစ်နေပြီ

အမုန်းကြောက်တယ် ... မြန်မြန်ပြန်လာပါ ...

ဖုန်းဆက်ပေမဲ့ ဖေဖေက မေမေနောက်ဆုံး အချိန်ထိ ပြန်ရောက်မလာခဲ့ပါ။ အထူးကု ဆေးရုံကြီးမှာ အမုန်းတစ်ယောက်တည်း ကူကယ်ရာ မဲ့နေခဲ့၏။

"သမီး ... သမီးလေး ..."

အသက်ငွေ့ငွေ့လေး ကျန်နေသေးတဲ့ မေမေက အမုန်းကို တရစပ်ခေါ်နေ၏။

"မေမေ သမီးရှိပါတယ် ... ... ဖေဖေလည်း မကြာခင်ရောက်လာတော့မှာ ပါ ..."

"သမီး ... ... မုန်းပန်း ..."

"ဟုတ်ကဲ့ မေမေ ပြောပါ အမုန်း နားထောင်နေပါတယ် ..."

အမုန်းမေမေ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

"သမီး သမီးဖေဖေကို မမုန်းရဘူးနော် ..."

မေမေ ခုလိုဖြစ်နေတာတောင် ရောက်မလာတဲ့ ဖေဖေကို မုန်းတာဘာဖြစ်လို့ လဲ ... လို့ မေးပစ်ချင်ပေမဲ့ မေမေစိတ်ချမ်းသာအောင် အမုန်း ကတိပေးခဲ့သည် ။

"ဟုတ်ကဲ့ပါ မေမေ ... သမီး ဖေဖေ့ကို မမုန်းပါဘူး ..."

အမုန်း မေမေ့ကို ကတိပေးပြီး မေမေရဲ့ အသက်ရှူသံတွေက တဖြည်းဖြည်း ရပ်တန့် သွားခဲ့သည် ။

"မေမေ ... မေမေရေ ... မေမေ ... ဟီး ... ဟီးဟီး ... မေမေ"

အမုန်းပါးပြင်မှာ မျက်ရည်တွေက စီးကျလာ၏။ အမုန်းဘဝမှာ အဓိ

က ထောက်တိုင်ကြီး ပြိုလဲသွားသလို အမုန်း ခံစားရသည် ။

"သမီး ... ... "

မေမေ့လက်ကို ကိုင်ရင်း ငိုနေတဲ့ အမုန်းနောက်က ဖေဖေခေါ်သံကြောင့် အမုန်း လှည့်ကြည့်လိုက်သည် ။ အလာကောင်းပေမဲ့ အခါနှောင်းသွားသည့် ဖေဖေမျက်နှာမှာ ဝမ်းနည်း ကြေကွဲမှုတွေ အရှင်းသား မြင်နေရ၏။

"ဖေဖေ ဘာလို့ ခုမှ လာတာလဲ ... မေမေ အသက်မရှိတော့ဘူး ... "

ဖေဖေ့မျက်နှာ ရုတ်တရက် ထပ်ပျက်သွား၏။

"ဖေဖေ အလုပ်ကိစ္စအရေးကြီးနေလို့ ပါ ... "

ဖေဖေက အမုန်းတို့ သားအမိ အရေးထက် အလုပ်ကို ဦးစားပေးတာ ဖေဖေရဲ့ အကျင့်စရိုက် ဆိုတာ အမုန်းသိပေမဲ့ မေမေ့ အသက်လောက် အရေးကြီးတဲ့ အလုပ် ဘယ်မှာ ရှိမှာ လဲ ...။

"အဲအလုပ်က မေမေထက်အရေးကြီးလို့ လား ... "

"သမီးရယ် ... "

ဖေဖေက အမုန်းကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး အမုန်းကတော့ ဖေဖေ့ရင်ခွင်ထဲမှာ ရှိုက်ငို ခဲ့ရတော့သည် ။

***

မေမေဆုံးတာ ဒီနေ့ဆို ၁၈နှစ် ရှိပြီ ဖြစ်သည် ။ မေမေ့ဆုံးတဲ့ ရက်ရောက်တိုင်း ဖေဖေ နောက်ကျမှ ပြန်လာတက်သည် ။ တစ်ညလုံး ပြန်မ

လာတဲ့ နေ့လည်း ရှိ၏။ သို့သော် အမုန်းစိတ်ထဲတွင် ဖေဖေ အလုပ်ရှုပ်နေလို့ ဖြစ်မှာ ပါ တွေးပြီး ခွင့်လွှတ်ခဲ့သည် ။ ဒီနေ့လည်း မေမေဆုံးတဲ့နေ့မို့ ဖေဖေကို သတိပေးဖို့ ဖေဖေ့ အခန်းထဲဝင်လာခဲ့သည် ။

"ဒေါက် ... ဒေါက် ... ဒေါက် ... ဖေဖေ ... သမီးပါ ... "

အခန်းတံခါး ခေါက်ပေမဲ့ ဘာမှ ပြန်မထူးတာကြောင့် အခန်းတံခါး ဖွင့်ဝင်လာခဲ့သည် ။ ရေချိုးခန်းထဲမှာ ရေကျသံ ကြားနေရတာကြောင့် ဖေဖေ ရေချိုးနေမှန်း အမုန်းသိတာနဲ့ ထိုင်ခုံမှာ ထိုင်စောင့်နေ၏။

"တီ ... တီ ... တီ ... တီ ... တီ.တီ ... "

အဆက်မပြတ် လာနေသည့် ဖုန်းသံကြောင့် အရေးကြီးသည့် ဖုန်းဖြစ်နေမလား တွေးပြီး အမုန်း ကောက်ကိုင် လိုက်သည် ။

"ဟဲလို ... ကိုကြီး ... မလာသေးဘူးလား ... ဒီမှာ ကိုကြီးသမီးကသူ့ဖေဖေကို မြန်မြန် လာစေချင်နေပြီ ... "

အမုန်းရဲ့ မျက်ဝန်းတွေ ကျယ်သွားရ၏။ နားကြားများ မှားသလားထပ်ပြီး နားထောင်ကြည့်မိသည် ။

"ဟဲလို ကိုကြီး ဘာလို့ ပြန်မဖြေတာလဲ ... "

"ဖေဖေ ... ဖေဖေရေ မြန်မြန်လာပါ ... အကြင်နာ စောင့်ရတာ ကြာလှပြီ ... "

ဖုန်းထဲက အသံကြောင့် ကိုင်ထားတဲ့ အမုန်းလက်ထဲက ဖုန်းလေး ကြမ်းပြင်ပေါ် လျှောကျသွား၏။ ကျောက်ရုပ်ကြီးလို အမုန်း မလှုပ်မယှက် ရပ်နေသည် ။

ရေချိုးခန်းထဲက ထွက်လာသည့် ဖေဖေက ကြမ်းပြင်ပေါ်မှာ ကျနေ

သည့် ဖုန်းကို ကောက်ယူလိုက်၏။

"ဟဲလို ကိုကြီး ... ကိုကြီး ပြန်ဖြေဦးလေ ... "

ဖုန်းထဲက အသံကြောင့် ဖေဖေ အံ့အားသင့်ကာ အမုန်းကို လှမ်းကြည့်သည် ။ ဖုန်းကိုလဲ ကပျာကယာ ချပစ်လိုက်သည် ။

"သမီး ... "

" မဟုတ်ဘူး မလား ဖေဖေ ... ဖုန်းမှားနေတာပါလို့ ဖြေလိုက်ပါ ... ဖေဖေ ... အိပ်မက်မက်နေတာ ပြောလိုက်ပါ ဖေဖေ ... "

အမုန်း မျက်ရည်တ ရွဲပြီး ဖေဖေကို လှုပ်ယမ်းပြီး ပြောပေမဲ့ အမုန်းကြားချင်တဲ့ စကား မဟုတ်ခဲ့ပါ ...။

"တောင်းပန်ပါတယ် ... သမီး ... သမီးကို အမှန်အတိုင်း ပြောချင်ပေမဲ့ သမီး စိတ်ထိခိုက်သွားမှာ စိုးရိမ်လို့ ပါ ... "

"ခုသိတော့ ရော သမီး စိတ် မထိခိုက်တော့ဘူးလား ... ပြောပါ ဖေဖေ ပြောလို့ ဖေဖေ ... "

"ဖေဖေမှာ ပြောစရာ စကား မရှိတော့ပါဘူး ... "

"ဖေဖေ သမီးကို ချစ်လား ... "

ဖေဖေရဲ့ မျက်ဝန်းတွေကအမုန်းကိုအချစ်တွေတွေအပြည့်နဲ့ ကြည့်နေ၏။

"ဘယ်လို မေးလိုက်တာလဲ ဖေဖေ့သမီးကြီးပဲ ဖေဖေ ချစ်တာပေါ့ ... "

"သမီးကြီးဆိုတော့ သမီးငယ် ရှိနေသေးတာပေါ့ ဟုတ်လား ဖေဖေ"

"ဟုတ်တယ် ဒီနေ့က သမီးညီမလေး အကြင်နာရဲ့ ၁၈နှစ်ပြည့်မွေး

နေ့ပဲ ... "

"၁၈နှစ်ပြည့် ဟုတ်လား ဖေဖေ ... ဒါဆို သမီးတို့ ကို ၁၈နှစ်လုံး လိမ်ညာထားတာပေါ့ ဟုတ်လား ဖေဖေ ... မေမေညတိုင်း ကြိတ်ငိုနေတာ ဖေဖေနောက်ကျလို့ မဟုတ်ပဲ ဖေဖေ့အကြောင်း သိနေလို့ ပေါ့ ဟုတ်လား ... ... ပြောပါ ဖေဖေ ပြောပါ ... "

ဖေဖေက အမုန်းစကားကို ပြန်မဖြေပဲ ခေါင်းငုံ့နေသည် ။

"ဖေဖေ အဲဒီကို မသွားရဘူး ... "

"မဖြစ်ဘူးသမီး ဖေဖေ သွားမှ ဖြစ်မယ် သမီး ညီမလေး မျှော်နေတော့မယ် ... "

"ဘာညီမလေးလည်း အမုန်းညီမလို မသတ်မှတ်နိုင်ဘူး ... "

အမုန်းရ ရမယ့် ဖေဖေ့မေတ္တာတွေကို ဒင်းတို့ လုယူသွားတာ တွေးမိရင် အမုန်းဒေါသတွေ ဟု န်းဟု န်းတောက် လာ၏။

"သမီး အမုန်း ဒီကိစ္စ နောက်မှ ရှင်းတော့ နောက်ကျနေပြီ ဖေဖေသွားတော့မယ် ခုည ဖေဖေ ပြန်မလာတော့ဘူး ... "

ပြောပြီး ဖေဖေက အမုန်းရှေ့က ထွက်သွား၏။

ဒီနေ့က မေမေဆုံးတဲ့ နေ့ ဒီနေ့မှာ ဒင်းက လူဖြစ်လာတယ် ... အဲဒီနေ့က ဖေဖေ မေမေအသက် မမီတာ အဲဒါကြောင့်လား ... !!

လိမ်ညာထားတဲ့ ဖေဖေ့ အကြောင်းတွေးရင်း အမုန်းအသားတွေ တစက်စက် တုန်လာ၏။

****

ဒီနေ့က အကြင်နာရဲ့ ၁၈နှစ်ပြည့် မွေးနေ့ ဖြစ်သည် ။ ခမ်းခမ်းနားနားကြီး မဟုတ်ပေမဲ့ ဖေဖေရယ် မေမေရယ် အကြင်နာရယ် ကိတ်ပေါ်က ဖယောင်းတိုင် အတူ မှုတ်ခွင့်ရတာကို အကြင်နာ ကျေနပ်မိ၏။ ဖေဖေက အကြင်နာတို့ သားအမိကို တင့်တင့်တယ်တယ် ထားချင်ပေမဲ့ မေမေက လက်မခံပဲ ပျဉ်တောင်အိမ်နဲ့ ခြံဝင်းလေးမှာ ပဲ အကြင်နာတို့ သားအမိ နေတာကို ခွင့်ပြုပေးခဲ့သည် ။ အကြင်နာဘဝမှာ ရွှေငွေမလို၊ ဖေဖေရဲ့ မေတ္တာကိုသာ အကြင်နာ လိုချင်မိသည် ။ သို့သော်လည်း အကြင်နာမှာ အဖေတူအမေကွဲ အစ်မတစ်ယောက် ရှိတယ်လို့ မေမေက ပြောဖူးသည် ။ အကြင်နာ မမြင်ဖူးပေမဲ့ မမကို စိတ်ထဲက ချစ်မိသည် ။ မမကတော့ အကြင်နာတို့ ကို သူ့ဆီက ဖေဖေကို လုယူ ထားသလိုမျိုး အကြင်နာတို့ ကို ထင်နေသည် ။

"ဒေါက် ... ဒေါက် ... ဒေါက် ... ... "

စားပွဲပေါ်မှာ ဖယောင်းတိုင် ထွန်းထားတဲ့ မွေးနေ့ကိတ်ကို ငေးကြည့်နေတုန်း အိမ်ရှေ့က တံခါးခေါက်သံကြောင့် အကြင်နာ ဝမ်းသာသွားသည် ။

"ဖေဖေ လာပြီ ... "

အကြင်နာ ဝမ်းသား အားရ တံခါးကို ဆွဲဖွင့်လိုက်သည် ။

ဣ ... ဖေဖေ ...

"Happy birthday သမီးအကြင်နာ..."

ဖေဖေက အကြင်နာ မျက်နှာရှေ့မှာ တဖိတ်ဖိတ် တောက်နေသည့် စိန်ဆွဲသီးလေး တပ်ထားတဲ့ ဆွဲကြိုးလေးကို တွဲလောင်းချထားသည် ။

"ဖေဖေ ... "

အကြင်နာ ဖေဖေကို ဝမ်းသာအားရ ပွေးဖက်ပြီး မျက်ရည်များ လဲကျလာသည် ။

"ဖေဖေ ... သမီးအတွက် အဲလို တန်ဖိုးကြီးတာတွေ မလိုပါဘူး ... သမီးတို့ မှာ ဖေဖေ ... ရှိရင်ပြည့်စုံပြီ ... "

ဖေဖေက အကြင်နာ ပြောတာကို ပြန်မဖြေပဲ တိတ်ဆိတ်နေ၏။

"ကဲ ... ဒီသားအဖတွေ အလွမ်းသယ် မနေကျနဲ့ ဟိုမှာ ဖယောင်းတိုင်က အရည်ပျော်တော့မယ် ... "

"အေးဟေးဟေး ... ... ဟုတ်သားပဲ ... လာ သမီးဝင်ကြစို့ ... "

အကြင်နာကပျာကယာမျက်ရည်တွေသုပ်ပြီးအကြင်နာတို့ သားအမိသားအဖသုံးယောက်လုံး ပြိုင်တူ ဖယောင်းတိုင် မီးမှုတ် ခဲ့ကြသည် ။

"ဟူး ... ဟူး ... ဟူး ... "

"ဟား ... ဟား ... ဟား ... "

"မွေးနေ့မှာ ပျော်ရွှင်ပါစေ သမီး ... "

"ဟုတ်ကဲ့ မေမေ ... "

အကြင်နာ မေမေနဲ့ ဖေဖေ ရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝင်လိုက်သည် ။ အကြင်နာ အသက်၁၈နှစ် အကြင်နာ ကလေး မဟုတ်တော့ပါ ... သိသင့်တာ သိပြီး စဉ်းစားတတ်တဲ့ ဉာဏ်ရှိသည့် အရွယ် ဖြစ်၏။ ဖေဖေနဲ့ မေမေ ရှေ့ရောက်ရင် အကြင်နာ ကလေးတစ်ယောက်လို ဆိုးသွမ်းချင်မိသည် ။

အကြင်နာရဲ့ ၁၈နှစ်ပြည့် မွေးနေ့လေးမှာ ဖေဖေက အကြင်နာတို့ နဲ့

အတူ ကုန်ဆုံးပေးတာကို ကျေးဇူး အရမ်းတင်မိ၏။

***

"သီတာ ... "

"ရှင် ... ကိုကြီး ... "

"သမီးလေး အိပ်သွားပြီလား ... "

"အင်း အိပ်သွားပြီ ကိုကြီး ... "

ဖေဖေနဲ့ မေမေက ဧည့်ခန်းမှာ အကြင်နာ အိပ်ပျော်နေပြီ ထင်ပြီး စကားတီးတိုး ပြောနေကြသည် ။ ဖေဖေနဲ့ မေမေ စကားကို နားထောင်နေတာ မဟုတ်ပေမဲ့ ဒီနေ့ အကြင်နာ မွေးနေ့မှာ မိသားစု အစုံရှိနေတာကို ရင်ခုန်ပြီး အိပ်မပျော်တော့ ဧည့်ခန်းက မေမေတို့ စကားသံတွေကို ကြားနေရသည် ။

"ဒီနေ့ ကိုကြီးတို့ အကြောင်းကို အမုန်းပန်း သိသွားပြီ ... "

အိပ်ပျော်ယောင် ဆောင်နေတဲ့ အကြင်နာ မျက်လုံး ကျယ်သွားရ၏။

"ဟင် ... ဟုတ်လား ကိုကြီး ... တစ်နေ့ ဒီလိုကြုံရမှာ သိပေမဲ့ ဒီလောက် မြန်မယ်မှန်း မထင်ထားဘူး ... "

"ဟုတ်တယ် ... "

"ဘယ်လိုလဲ ကိုကြီးကို အတော်လေး မုန်းနေလား ... သီတာတို့ ကို မုန်းတာ ဘာကိစ္စမှ မရှိပေမဲ့ ကိုကြီးတော့ မမုန်းစေချင်ဘူး ... သီတာမှာ လည်း သမီးတစ်ယောက်ရှိတယ် သားသမီးချင်း ကိုယ်ချင်း

စာတယ် ကိုကြီး သီတာတို့ ဒီနေရာတင် ရပ်လိုက်ကြရင် ကောင်းမယ် ..
. "

မိထွေးဆိုရင် အားလုံးကို ဆိုးသွမ်းတယ် ထင်ကြပေမဲ့ အကြင်နာ မေမေကတော့ အဲဒီထဲမှာ မပါ။ မမ ဖေဖေကို မုန်းသွားမှာ မေမေ စိုးရိမ်နေသည် ။ မေမေစိတ်ထဲ ဘယ်လောက်များ ဝမ်းနည်းနေလိမ့်မလဲ အကြင်နာ တွေးပြီး မျက်ရည်များ စီးကျလာသည် ။

"ဘယ်လို ပြောလိုက်တာလဲ သီတာရယ် ကိုကြီး သမီးနှစ်ယောက်လုံးနဲ့ သီတာ အပေါ်မှာ တာဝန် ကျေချင်တယ် ... "

"ကိုကြီးဆန္ဒကို သီတာ နားလည်ပါတယ် ဒါပေမဲ့ သမီးလေး အမုန်းက သီတာတို့ သားအမိကို တစ်မျိုး ထင်မှာ စိုးရိမ်လို့ ပါ ... "

"အင်း ... "

ဖေဖေနဲ့ မေမေတို့ ပြောနေတဲ့ စကားတွေအဆုံး အံကြိတ်ပြီး အိပ်ပျော်အောင် အိပ်ခဲ့ရတော့သည် ။

***

"မေမေ ရေ ... မေမေ ... "

ခြံထဲမဝင်ခင် လမ်းမထဲက အော်ကြီးဟစ်ကျယ်နဲ့ အကြင်နာ အော်သံကြောင့် မေမေကပျာကယာ ဆင်းလာသည် ။

"ဘာဖြစ်လို့ လဲသမီး ဘာဖြစ်လို့ လဲ ... "

မေမေက စိုးရိမ်စွာ အကြင်နာကို မေးသည် ။

"သမီး အလုပ်ရခဲ့ပြီ ဟင်းဟင်းဟင်း ... "

"ဒါများ သမီးရယ် ဘာဖြစ်လာတာလဲလို့ ထိတ်သွားတာပဲ ... "

"ဟီးဟီးဟီး ဝမ်းသာ သွားလို့ ပါ ... "

"ဟင့် မပြောချင်ဘူး ... ... ဒါနဲ့ ဘယ်မှာ ရတာလဲ ... ဘာလုပ်ရမှာလဲ ... "

"စတိုးဆိုင်မှာ အရောင်းဝန်ထမ်း မေမေရဲ့ အကြင်နာက ခုမှ ၁၀တန်း အောင်ကာစ ဆိုတော့ တခြားအလုပ်က ရှားသားပဲ ခုအလုပ်က ဖန်စီပစ္စည်းဆိုင်မှာ ဆိုတော့ အကြင်နာရဲ့ ဝါသနာနဲ့ လည်း ကိုက်တယ် ... "

"ကိုယ့်အဖေက ဆိုင်ခန်းဝယ်ပြီး ရောင်းဆိုတော့ မရောင်းပဲ သူများဆိုင်မှာ ဝန်ထမ်းလုပ်တာ သမီးဖေဖေ သိရင် မိုးမီးလောင်တော့မှာ ပဲ ... "

"ဟင့်အင်း အကြင်နာ ဖေဖေရဲ့ စည်းစိမ် အကြင်နာ မယူချင်ဘူး ... ဆိုင်ခန်းဖွင့်နိုင်အောင် ကိုယ့်ဘာသာ ကြိုးစားမယ် ... "

မိဘအရိပ်အကဲကို သိတဲ့ အကြင်နာ စကားကြောင့် သီတာရင်ထဲမှာ စိတ်မကောင်း ဖြစ်မိသည် ။ ဖခင်ကို လွတ်လွတ်လပ်လပ် ချစ်ခွင့်မရတဲ့ အကြင်နာဘဝကို စာနာမိနေသည် ။

"ဒါတော့ ဒါပေ့ါ ခုသူဌေးက တော်ရဲ့ လား ခက်ဆိုးဆိုး အလုပ်ရှင်ဆို ချက်ချင်း ထွက်ခဲ့နော် သမီး ... "

"ဆိုးလားမဆိုးလားတော့ မသိဘူး အကြင်နာ သူငယ်ချင်းပြောတာတော့ အလုပ်ရှင် သူဌေးမက တစ်လတစ်ခါတောင် မလာဘူးတဲ့ လူယုံနဲ့ လွှဲထားတာတဲ့ "

"ဟုတ်လား ... "

"အဲဒါတွေ ထားလိုက်ပါ မေမေ သမီး ဗိုက်ဆာတယ် ဘာဟင်းချက်လဲ ... "

"သမီးကြိုက်တဲ့ ဟင်းတွေ ချက်ထားတာ အဝသာ စားတော့ ... "

"စိတ်ချ မေမေရေ စိတ်ချ ... "

ပြောရင်း အကြင်နာ မီးဖိုချောင်းထဲ ဆင်းသွားသည် ။

*****

"မမ ... ဒါ အလုပ်သမားအသစ်စာရင်းပါ ... "

ဖန်စီပစ္စည်းတွေ ရောင်းတဲ့ စတိုးဆိုင်လေးကို အမုန်း စိတ်ကြိုက် ပုံစံလေးနဲ့ ဖေဖေ့အကူညီ မပါပဲ ဖွင့်ထားခဲ့တာ ကြာပြီဖြစ်သည် ။ အရမ်းမကြီးကျယ်ပေမဲ့ နေရာကောင်းလေးမှာ မို့ လစဉ်အမြတ်ငွေ အတော်လေးကောင်းသည် ။ ဝါသနာအရ ဖွင့်ထားပေမဲ့ ဆိုင်ကို တစ်လကြာ၊ နှစ်လကြာမှ သာ သွားနိုင်သည် ။ ဆိုင်တာဝန်ခံ သက်ထားက လကုန်ရင် လချုပ်စာရင်း ပစ္စည်း အဝင်အထွက် စာရင်းတို့ ကို အမုန်းဆီ ပုံမှန်တင်ပြလေ့ရှိသည် ။ သက်ထားက အမုန်းအတွက်တော့ လူယုံလို ဖြစ်နေ၏။

ဒီနေ့လည်း မရောက်တာ ကြာပြီ ဖြစ်လို့ ဆိုင်ကို ခဏ ဝင်လာခဲ့သည် ။ တစ်နေ့တခြား ရောင်းအားတက်လာတာကြောင့် အရောင်းဝန်ထမ်း ထပ်လိုသည် ဟု သက်ထား အစီရင်ခံသောကြောင့်

လူအသစ် ခန့်ခိုင်းခဲ့သည် ။ ခုလည်း အမုန်းရှေ့ကို လယ်ဂျာစာအုပ် အရှည်ကြီးကို ချပေးသည် ။

အမုန်းက လယ်ဂျာ စာအုပ်ကြီးကို မြင်ပြီး ခေါင်းထဲ ထိုးကိုက်သွားသည် ။ ခုတလော ဖေဖေရဲ့ ကိစ္စတွေကြောင့် စဉ်းစားစရာတွေ များ ပြီး စိတ်ညစ်နေရသဖြင့် လူအသစ် ခန့်တဲ့ အသေးစား ကိစ္စတွေအထိ အမုန်း မလုပ်နိုင်တော့ချေ။

"သက်ထား ... "

"ရှင် မမ ... "

"ငါ နင့်ကို လူယုံလို ဒီဆိုင်မှာ ထားနေတာ ငါအလုပ်သမား ခန့်တာထိ လိုက်ပြောနေရမှာ လား ... "

အမုန်းစကားကြောင့် သက်ထား ခေါင်းလေး ငုံ့သွားသည် ။

"မဟုတ်ပါဘူး မမ မမ မကြိုက်တဲ့ သူ ရှိရင် ပယ်ရအောင်ပါ ... "

"ထားလိုက်တော့ ငါသွားတော့မယ် ဆိုင်ကို သေချာသာ ဂရုစိုက်ထားလိုက် ... "

"ဟုတ်ကဲ့ မမ ... "

အမုန်း စားပွဲပေါ်က ပိုက်ဆံအိတ်ကို ယူကာ ဆိုင်ထဲကနေ ထွက်လာခဲ့သည် ။

***

"အန်တီသီတာ ... အန်တီသီတာ ... "

အိမ်ရှေ့က ခေါ်သံကြောင့် ဒေါ်သီတာ ထွက်လာခဲ့သည် ။

"ဟယ် သမီးသက်ထား ... လာလေ ... "

"ဟုတ်ကဲ့ အန်တီ ... "

သက်ထားနဲ့ တစ်ရပ်ကွက်သားချင်းမို့ သမီးအကြင်နာနဲ့ လည်း ရင်းနှီးမှု ရှိသည် ။ အကြင်နာထက် သက်ထားက ၅နှစ်လောက် ကြီးတာမို့ အစ်မလို တစ်မျိုး သူငယ်ချင်းလို တစ်ဖုံ နေကြသည် ။

သက်ထားက အိမ်ပေါ်ကို တက် လာပြီး ဧည့်ခန်း ခုတင်မှာ ထိုင်သည် ။

"အလုပ်က ဆင်းလာတာလား.သမီး ... "

"ဟုတ်တယ် ... အန်တီ ... ဒါနဲ့ အကြင်နာရော ... "

"ရပ်ကွက်ထိပ်ကို စာအုပ် ငှားသွားလေရဲ့ သူလည်း အလုပ်ရမှ ပဲ အေးမယ် ... မဟုတ်ရင် စာအုပ်ဆိုင်နဲ့ အိမ် ချောင်းပေါက်လိမ့်မယ်ကွယ် ... "

ဒေါ်သီတာ စကားကို သက်ထားက ပြုံးသည် ။ ပြီးမှ ...

"အကြင်နာက လိမ်မာရေးခြား ရှိတဲ့ မိန်းကလေးပါ ခုလည်း သူမနက်ဖြန်ကစ အလုပ်စဆင်းလို့ ရပြီဆိုတာ လာပြောတာ ... "

"သူအလုပ်ရတာ သမီးသက်ထားလုပ်တဲ့ နေရာလား ... "

"ဟုတ်တယ်လေ ... သူက ဘာမှ မပြောဘူးလား ... "

"အလုပ်ရပြီးပဲ ပြောတာ ... အန်တီက ဘာအလုပ်တွေ လုပ်ရမှန်း မသိလို့ စိတ်ပူနေတာ ... ခုသမီးသက်ထားနဲ့ အတူတူ ဆိုတော့ အန်တီ စိတ်ချပါပြီ ... "

"စိတ်ချပါ အန်တီရဲ့ သမီးနဲ့ သူက အသွားလည်း အတူအပြန်လည်း တူတူ ပြန်ရအောင် သမီးက သူ့ကို ဦးစားပေးလိုက်တာ ... "

သက်ထားနဲ့ ဒေါ်သီတာတို့ စကားပြောနေချိန် စာအုပ်တွေကို မနိုင်မနင်း သယ်လာရင်း ပြန်လာသည် ။

"မမသက် ... ရောက်နေတာလား ... "

"ဟုတ်တယ် ... "

အကြင်နာက စာအုပ်တွေကို စားပွဲပေါ်ချပြီး မေမေဘေးမှာ ဝင်ထိုင်လိုက်သည် ။

"သမီး မနက်ဖြန် အလုပ်ဆင်းရပြီ ဆိုတာ လာပြောတာတဲ့ ... "

"ဟယ် တကယ်လား မမသက် ... "

သက်ထားက မဖြေပဲ ခေါင်းညိတ် ပြသည် ။

"ဝမ်းသာလိုက်တာ ... မေမေ သမီး အလုပ်ရပြီ ... "

ဘေးမှာ ထိုင်နေသည့် ဒေါ်သီတာကို ကလေးလေးတစ်ယောက်လို အကြင်နာ ဖက်လိုက်၏။

မေမေက အကြင်နာကျောကို ပွတ်သပ်ရင်း ...

"ကလေးစိတ်ကလေးနဲ့ အလုပ်မှာ အဆင်ပြေပ့ါမလားကွယ် ... "

ဒေါ်သီတာ စကားကြောင့် နှုတ်ခမ်း ဆူဆူဖြင့်

"ဟင် ... မေမေကလည်း ... အကြင်နာ လူကြီး ဖြစ်နေပါပြီနော် . .. "

"ဟုတ်ပါတယ် ... အန်တီကလည်း ... အကြင်နာက လူကြီး ဖြစ်

နေပါပြီ ... "

အကြင်နာတို့ သားအမိ နှစ်ယောက်ကြားမှာ သက်ထားက ဝင်ထောက်ခံပေးသည် ။

"အေးပါ... အဲဒီလူကြီးကြောင့် သမီးသက်ထား စိတ်ညစ်ရမှာ မြင်ယောင် နေသေးတယ် ... "

"မေမေနော် ... သူများကို ... "

မေမေက အကြင်နာ ခေါင်းကို ပွတ်ပေး၏။ အကြင်နာတို့ သားအမိ ခုလို ပျော်ရွှင်ရ၏။ ဖေဖေက အကြင်နာတို့ နဲ့ အမြဲ အတူ ရှိမနေနိုင်တာကြောင့် မေမေကပဲ ဖေဖေတာဝန်ပါ ယူပြီး ပတ်ဝန်းကျင်မှာ မျက်နှာမငယ်ရအောင် ထားပေး၏။

***

"သမီးအကြင်နာ မအိပ်သေးဘူးလား ... "

တစ်ရေး နိုးလာတဲ့ မေမေက အကြင်နာ အခန်းထဲမှာ မီးလင်းနေတာကြောင့် အခန်းထဲ ဝင်လာ၏။

"မေမေ အကြင်နာကြောင့် နိုးသွားတာလား ... "

"မဟုတ်ပါဘူး... သမီးရယ် ... မအိပ်သေးဘူးလား ... "

"အင်း ... ညနေက ငှားလာတဲ့ စာအုပ်တွေကို ဖတ်နေတာ... နောက်နေ့အလုပ်ဆင်းရရင် ဖတ်ချိန် မရတော့ဘူးလေ ... "

"မရလည်း ဒီတိုင်း ပြန်အိပ်လိုက်ပေါ့ ... ညဉ့်နက်နေပြီ မနက်ကျ

အိပ်ရေး မဝပဲနေမယ် ... စဆင်းရမယ့် နေ့မှာ အမှားဖြစ်လို့ မကောင်းဘူး..."

"ဟုတ်ကဲ့ပါ မေမေရဲ့ ဒီစာအုပ်ပြီးရင် အိပ်ပါ့မယ် ... "

အကြင်နာ အိပ်ဖို့ ကြိုးစားကြည့်ပေမဲ့ မနက်အလုပ်ဆင်းရမှာ တွေးပြီး အိပ်မပျော်တာနဲ့ စာအုပ် ထဖတ်နေတာ ဖြစ်သည်။

မေမေ ပြန်ထွက်သွားတော့ ရောက်လက်စ နေရာက စာရွက်ကို ခေါက်ထားပြီး စာအုပ်ကို ပိတ်ပြီး အိပ်ရာဝင်ခဲ့သည်။

***

ပထမဆုံး အလုပ်ဆင်းသည့် နေ့မို့ မမသက်က တရားဝင် ဝန်ထမ်းမလေးတွေနဲ့ မိတ်ဆက်ပေး၏။

"ဒါက သူဇာ ... ဒါက မိုး တဲ့ ... "

"ဟုတ်ကဲ့ရှင့် တွေ့ရတာ ဝမ်းသာပါတယ် ... အကြင်နာကို အမြင်မတော်တာရှိ ဆုံးမလို့ ရပါတယ် ... "

"အေးပါ ... တို့ လည်း အငယ်လေး တစ်ယောက်ရတော့ ပျော်မိတယ် ..."

"ဟုတ်ကဲ့ ... "

ချွင် ... ချွင် ... ချွင် ...

တံခါးမှာ တပ်ထားသည့် ခေါင်းလေး မြည်လာတာကြောင့် ဝယ်သူလာပြီ ဆိုတာ သိလိုက်သည် ...။

"ကဲ အငယ်လေးရေ ... ဝယ်သူတော့ လာပြီ ... ပထမဆုံးအနေနဲ့ လက်တွေ့ ဆင်းလိုက်ပါဦး ... "

"ဟုတ်ကဲ့ ... "

အကြင်နာ ရင်ခုန်နေပေမဲ့ ကိုယ့်ကိုကိုယ် ယုံကြည်မှု ရှိ၏။

ဆိုင်ထဲ ဝင်လာသူမှာ အမျိုးသား တစ်ယောက်ဖြစ်ပြီး ပုံစံက လူကြီးလူကောင်း ပုံစံမျိုး ဝတ်စားထားသည် ။ ဖန်စီပစ္စည်း ဝတ်မယ့် ပုံစံမျိုးမဟုတ် ... ဒါဆို လက်ဆောင်ပေးဖို့ လား ညီမတွေ ဘာညာဖို့ လား ... စဉ်းစားရင်း နှုတ်ဆက်လိုက်သည် ...။

"မင်္ဂလာပါရှင့် ဘာများ အလိုရှိပါသလဲ ... "

အသံချိုချိုလေးနဲ့ နှုတ်ဆက်သည့် ဝန်ထမ်းမလေးကြောင့် ပထမဆုံး ဒီဆိုင်ထဲ ဝင်လာရကျိုး နပ်သွားပြီဟု ထင်မိသည် ။

"ဟုတ်ကဲ့ ... ဒီဆိုင်မှာ အရောင်းရဆုံး ဖန်စီပစ္စည်းကို ပြောပြပါ ... "

အကြင်နာက ခုမှ စရောက်သည့် ဝန်ထမ်းမို့ အရောင်းရဆုံးတွေ မရောင်းရဆုံးတွေ ခုထိမသိသေး ... ခုမှ ဝန်ထမ်းသစ်လို့ လည်း ပြောလို့ မဖြစ် ...

အကြင်နာ ချက်ချင်းမဖြေပဲ ကြောင်ပြီး ရပ်နေ၏။

"ဒီမှာ အရောင်းရဆုံးပစ္စည်းကို မေးနေတာ ... "

"ဩော် ... ဟုတ်ကဲ့ ... စဉ်းစားနေလို့ ပါ ... "

အကြင်နာက ကိုယ်တိုင် မဝတ်ပေမဲ့ ဘယ်ပစ္စည်းကောင်းလဲ ဘယ်ပစ္စည်းက အသုံးများ လဲ အတော်များများကို သိထား၏။

"ခုတလော ... ဒီပစ္စည်းတွေက အရောင်းရဆုံး ဖြစ်နေတယ်"

"ဒါဆို မရောင်းရဆုံး ပစ္စည်းတွေကရော ... "

ဝယ်ချင်လို့ အရောင်းရဆုံး ပစ္စည်းမေးတာ မဟုတ်ပဲ ထပ်ပြီး မရောင်းရဆုံး ပစ္စည်းမေးတဲ့ ပထမဆုံး ဝယ်သူကို စိတ်ထဲ ချဉ်မိသွားသည် ။

"ဒါတွေကတော့ အရောင်းအေးပါတယ်  ... "

"အဲလိုအေးတာ ဘာကြောင့်လို့ ထင်လဲ  ... "

အကြင်နာ မျက်နှာ ခပ်ဆူဆူ ဖြစ်လာ၏။

"ဒီဇိုင်းကြောင့် နေမှာ ပေါ့ ..."

"Aww  ..."

ထိုလူက ဝတ်တားတာက လူကြီးလူကောင်း ပုံစံ ဖြစ်ပြီး တစ်ဆိုင်လုံးက ပစ္စည်းတွေအကြောင်း အကုန်မေးနေ၏။ အကြင်နာကလည်း သိသရွေ့မှ တတ်သရွေ့ ရှင်းပြနေရသည် ။

တစ်ဆိုင်လုံး လှည့်ပတ်ကြည့်ပြီး   ...

"ကျေးဇူးတင်ပါတယ်  ... ခုလို ရှင်းပြပေးတာ  ... သွားခွင့်ပြုပါဦး ... "

အာပေါက်အောင် ရှင်းပြထားပေမဲ့ ဘာတစ်ခုမှ ဝယ်မသွားတဲ့ ထိုလူကို ပြေးရိုက်ချင်စိတ် ဖြစ်ပေမဲ့ ဒေါသကို မျိုချကာ  ...

"ဘာမှ မဝယ်တော့ဘူးလား ... "

အကြင်နာပြောမှ အားနာသွားပုံ ရသည် ။ အနီးက ကလစ်ကလေး တစ်ခုကို လှမ်းယူသည် ။

"ဒါဘယ်လောက်လဲ  ... "

"၁၂၀၀ပါ ... "

"ရော့ ... ၁၅၀၀ ... ပိုတဲ့ ၃၀၀ပြန်မအမ်းနဲ့ တော့ ရှင်းပြခ ထားလိုက် ... "

အကြင်နာလက်ထဲ တစ်ထောင်တန် တစ်ရွက်နဲ့ ငါးရာတန်တစ်ရွက် ထည့်ပေးသည် ။

"မလိုပါဘူး ... ကျမတို့ က လစာယူပြီး ရောင်းတာပါ ... ဝယ်သူစိတ်ကြိုက် လုပ်ပေးရမှာ ပဲ ... အဲဒီအတွက် ဘာခံစားခွင့်မှ မယူပါ ... လစာအပြည့် ရပြီးသားပါ ... ခဏစောင့် ... "

အကြင်နာက ကောင်တာက မမိုးဆီသွားပြီး ၃၀၀ပြန်အမ်းဖို့ ပြောသည် ။

"ဒီမှာ ... ၃၀၀ ... နောက်လည်း လာခဲ့ပါဦးရှင် ... "

အကြင်နာ နှုတ်ဆက်ပြီး နောက်ခိုင်းထွက်လာခဲ့သည် ။ အကြင်နာကို စောင့်ကြည့်နေသည့် မိုးနဲ့ သူဇာက အကြင်နာ လုပ်ရပ်ကို အားပေးနေသည် ။

အကြင်နာ နောက်ပြန် လှည့်မကြည့်လို့ ထိုလူဘာဖြစ်သွားလဲ မမြင်ရပေမဲ့ မမိုးတို့ ပြောစကားအရ သူလုပ်ရပ်မှားမှန်း သိသွားတဲ့ ပုံစံမျိုးနဲ့ လို့ အကြင်နာကို ပြန်ပြောပြခဲ့သည် ။

***